MY

# Seven & i Group စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် ရေရှည်အကျိုးပြုသော လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များ

## I. မိတ်ဆက်

- **Seven & i Group သည် ကော်ပိုရိတ်ခံယူချက်အပေါ် အခြေခံ၍ စစ်မှန်ရိုးဖြောင့်စွာ ပြုမူဆောင်ရွက်ရန်နှင့် ရေရှည်အကျိုးပြုသော လူမှုအသိုင်းအဝိုင်းတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ဖြည့်ဆည်းပါဝင်ရန် ကြိုးပမ်းလျက်ရှိသည်။**

ကော်ပိုရိတ်ခံယူချက်
ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဖောက်သည်များ ယုံကြည်ရသည့် စစ်မှန်ရိုးဖြောင့်သော ကုမ္ပဏီတစ်ခုဖြစ်ရန် ရည်မှန်းသည်။
ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းပါတနာများ၊ ရှယ်ယာရှင်များနှင့် ဒေသခံ အသိုင်းအဝိုင်းများ ယုံကြည်ရသည့် စစ်မှန်ရိုးဖြောင့်သော ကုမ္ပဏီတစ်ခုဖြစ်ရန် ရည်မှန်းသည်။
ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဝန်ထမ်းများ ယုံကြည်ရသည့် စစ်မှန်ရိုးဖြောင့်သော ကုမ္ပဏီတစ်ခုဖြစ်ရန် ရည်မှန်းသည်။

- **Seven & i Group သည် လူသားတိုင်း၏ လူ့အခွင့်အရေးကို နားလည်ရန်နှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာရမည့် တာဝန်ကျေပွန်ရန်အလို့ငှာ နိုင်ငံတကာ မူများနှင့် စံနှုန်းများအပေါ် အခြေခံ၍ Seven & i Group လူ့အခွင့်အရေး မူဝါဒကို ပြဋ္ဌာန်းထားပြီးဖြစ်သည်။**

မူဝါဒသည် အရာရှိများအားလုံးနှင့် ဝန်ထမ်းများအားလုံးအပေါ် သက်ရောက်ပြီး ကျွန်ုပ်တို့သည် ဤမူဝါဒကို ပံ့ပိုးထောက်ခံပေးရန်နှင့် အတူလက်တွဲ၍ လူ့အခွင့်အရေးကို လေးစားလိုက်နာရန် စီးပွားရေးလုပ်ငန်း ပါတနာများ အားလုံးကို ဆက်လက်၍ တိုက်တွန်းမည်ဖြစ်သည်။

- **ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းပါတနာများနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော ဆက်ဆံရေးများ တည်ဆောက်ရန်နှင့် "၂၀၃၀ ခုနှစ် ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်ရေးအစီအစဉ်" နှင့်အညီ "မည်သူမျှ မကျန်ခဲ့စေရ" ဟူသော မျှော်မှန်းချက် အောင်မြင်ဖြစ်ပေါ်လာရေးအတွက် ဖြည့်ဆည်းပါဝင်ရန် ကြိုးစားအားထုတ်ပါသည်။**

ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းပါတနာများနှင့်အတူ ကျွန်ုပ်တို့သည် "လူ့အခွင့်အရေးကို လေးစားခြင်း "၊ "ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး" နှင့် "ဥပဒေရေးရာ လေးစားလိုက်နာခြင်း" သဘောတရားများကို မြှင့်တင်ရန်နှင့် ရေရှည်အကျိုးပြုသော လူမှုအသိုင်းအဝိုင်းတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ဖြည့်ဆည်းပါဝင်ရန် ကြိုးပမ်းလျက်ရှိသည်။
ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းပါတနာများနှင့်အတူ ကျွန်ုပ်တို့သည် ဖောက်သည်များထံသို့ ဘေးကင်းပြီး စိတ်ချယုံကြည်ရသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ပေးအပ်ရန်နှင့် ကျန်းမာရေးနှင့်ညီညွတ်ပြီး သာယာဝပြောသော အနာဂတ်တစ်ခု တည်ဆောက်ရန် ကြိုးပမ်းလျက်ရှိသည်။
ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းပါတနာများနှင့်အတူ ကျွန်ုပ်တို့သည် လူမှုရေးဆိုင်ရာ ချန်လှပ်ထားမှုကို ဖြစ်စေသော လူမှုရေးပြဿနာရပ်များကို ကိုင်တွယ်ဖြေရှင်းရန်နှင့် ချန်လှပ်ခံရသူမရှိသော လူမှုရေးဖွဲ့စည်းပုံတစ်ရပ် တည်ဆောက်ရေးကို တိုးမြှင့်ဆောင်ရွက်ရန် ကြိုးပမ်းလျက်ရှိသည်။

## II. "Seven & i Group စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် ရေရှည်အကျိုးပြုသော လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များ" ကျင့်သုံးခြင်း

**စီးပွားရေးလုပ်ငန်းပါတနာအားလုံးအနေဖြင့် "Seven & i Group စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် ရေရှည်အကျိုးပြုသော လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များ" ကို နားလည်ပြီး လေးစားလိုက်နာကြရန် Seven & i Group က တောင်းဆိုပါသည်။**

1. စီးပွားရေးလုပ်ငန်းပါတနာအားလုံးသည် Seven & i Group စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် ရေရှည်အကျိုးပြုသော လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များ (နောင်တွင် "စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များ" ဟူ၍ ရည်ညွှန်းသုံးနှုန်းမည်) ကို နားလည်ပြီး လေးစားလိုက်နာရမည်ဖြစ်ပြီး Seven & i Group တွင် ကိုင်တွယ်စီမံသော ထုတ်ကုန်များကို ပံ့ပိုးပေးသွင်းသူများကလည်း စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်းချက်များကို နားလည်ကြောင်း သေချာစေရမည်။
2. စီးပွားရေးလုပ်ငန်းပါတနာများအနေဖြင့် အချက်အလက်များကို စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ Seven & i Group ထံသို့ လိုအပ်သလို ပေးအပ်ကြရန် ကျွန်ုပ်တို့က တောင်းဆိုပါသည်။
3. ခန္ဓာကိုယ်ထိခိုက်ဒဏ်ရာရရှိစေသော မတော်တဆမှုများ၊ လူ့အခွင့်အရေး အလွဲသုံးစားပြုမှုနှင့် ဥပဒေ မလိုက်နာခြင်းတို့အပါအဝင် စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များကို ချိုးဖောက်သည့် ကြီးလေးသော ပြစ်မှုတိုင်းကို Seven & i Group ၏ လုပ်ငန်းလည်ပတ်ရေး ကုမ္ပဏီ တစ်ခုစီရှိ သက်ဆိုင်သူများထံ ချက်ချင်း တိုင်ကြားရမည်။ အန္တရာယ်ရှိနိုင်သော အတိုင်းအတာကိုလိုက်၍ ချက်ချင်း အမှားပြင်ဆင်ခြင်းနှင့် ကုစားဖြေရှင်းခြင်းကို သင့်လျော်သလို ဆောင်ရွက်ရမည်ဖြစ်ပြီး ထိခိုက်ပျက်စီးမှု ပိုမိုများပြား မလာစေရန် အားစိုက်ထုတ်ရမည်။ ထို့ပြင် ဖြစ်ရသည့်အကြောင်းအရင်းကို ဖော်ထုတ်ပြီး အလားတူ ထပ်မဖြစ်စေရန် စီမံချက်များလုပ်ဆောင်ရမည်။
4. စီးပွားရေးလုပ်ငန်းပါတနာများသည် မိမိတို့ကုမ္ပဏီ၏ စီးပွားရေး လုပ်ငန်းဆောင်တာများရှိ ရေရှည်အကျိုးပြုမှု ဆိုင်ရာ အန္တရာယ်ဖြစ်နိုင်ခြေများကို အကဲဖြတ်ရမည်ဖြစ်ပြီး ဆိုးကျိုးသက်ရောက်မှု အန္တရာယ်ဖြစ်နိုင်ခြေ မြင့်မားသော နယ်ပယ်များအပေါ် ဦးစားပေး အာရုံစိုက်ရန် ကြိုးပမ်းအားထုတ်ရမည်။
5. စီးပွားရေးလုပ်ငန်းပါတနာများသည် စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များနှင့် အလားတူသော ပြဋ္ဌာန်းချက်များပါဝင်သည့် မူဝါဒတစ်ရပ်ကို ချမှတ်ရမည်။ ၎င်းမူဝါဒကို ကုမ္ပဏီအတွင်းဖြစ်စေ၊ ပြင်ပသို့ဖြစ်စေ မျှဝေရမည်။ အသိပညာပေးရန် လေ့ကျင့်သင်ကြားရေးနှင့် အခြားလှုပ်ရှားမှု များကို ဆောင်ရွက်ရမည်။ မူဝါဒ အားကောင်းလာစေရန် မူဘောင်တစ်ရပ် တည်ဆောက်ရမည်။ မူဝါဒနှင့် မူဘောင် နှစ်ရပ်စလုံး လည်ပတ်ကျင့်သုံးနိုင်ရန် အားစိုက်ထုတ်ရမည်။
   စီးပွားရေးလုပ်ငန်းပါတနာများသည် မိမိတို့၏ ကိုယ်ပိုင်ကုမ္ပဏီရှိ ပြဿနာရပ်များကို ဖော်ထုတ်နိုင်ရန် လက်တွေ့ အခြေအနေများကို အခါအားလျော်စွာ စုံစမ်းစစ်ဆေးရမည်။ ကုစားချက်များ စီစဉ်ထားရမည်။ ဖော်ထုတ်သိရှိသော ပြဿနာရပ်များကို အမှားပြင်ဆင်ပြီး အလားတူ ထပ်မဖြစ်စေရန် စီမံချက်များလုပ်ဆောင်ရမည်။

6. စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း မလိုက်နာသည့် လူ့အခွင့်အရေးနှင့် ဥပဒေ ချိုးဖောက်မှုများအပါအဝင် ကြီးလေးသော ပြစ်မှုတစ်ခုခုကို တွေ့ရှိရလျှင် အရောင်းအဝယ်ကိစ္စရပ်များကို ယာယီ ဆိုင်းငံ့ထားနိုင်သည် သို့မဟုတ် စာချုပ်များကို ဖျက်သိမ်းနိုင်သည်။ ထိုဖြစ်ရပ်တွင် ထိခိုက်နစ်နာမှုတစ်ခုခု ရှိလျှင်ပင် Seven & i Group နှင့် ၎င်း၏ လုပ်ငန်းလည်ပတ်ရေး ကုမ္ပဏီများသည် နစ်နာကြေး သို့မဟုတ် လျော်ကြေးပေးခြင်း ပြုလုပ်မည်မဟုတ်ပါ။

## III. Seven & i Group စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် ရေရှည်အကျိုးပြုသော လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များ

### 1. ဥပဒေများကို လေးစားလိုက်နာခြင်းနှင့် နိုင်ငံတကာစံနှုန်းများကို အလေးထားခြင်း

1. နိုင်ငံတိုင်းနှင့် ဒေသတိုင်းရှိ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့် သက်ဆိုင်ရာဥပဒေများ၏ အခြေခံမူများအပြင် နိုင်ငံတကာစံနှုန်းများကို လေးစားလိုက်နာကြောင်း သေချာစေရမည်။
2. ဥပဒေ လေးစားလိုက်နာရန်အလို့ငှာ မူဝါဒများ ရေးဆွဲခြင်း၊ စနစ်များ တည်ဆောက်ခြင်း၊ လေ့ကျင့်သင်ကြားရေး အကောင်အထည်ဖော်ခြင်းနှင့် ရုံးတွင်း အစီရင်ခံခြင်းစနစ်များ ဖော်ဆောင်ခြင်း စသည်တို့ကို ဆောင်ရွက်ရမည်။

### 2. လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်း

**စီးပွားရေး လုပ်ငန်းဆောင်တာများတွင် ပါဝင်သူတစ်ဦးစီတိုင်း၏ လူ့အခွင့်အရေးကို အမြင့်ဆုံးအဆင့် ဦးစားပေး၍ လေးစားရမည်။ ကုန်ထုတ်စွမ်းအားကို တိုးတက်မြင့်တင်ရန် ကြိုးပမ်းလျက် ယုံကြည်ရသော ဆက်ဆံရေးများကို တည်ဆောက်ရမည်။**

1. "နိုင်ငံတကာ လူ့အခွင့်အရေးအခြေခံ ရပိုင်ခွင့်" နှင့် " အပြည်ပြည်ဆိုင်ရာ အလုပ်သမားအဖွဲ့အစည်း (ILO) လုပ်ငန်းခွင် အခြေခံမူများနှင့် အခွင့်အရေးများဆိုင်ရာ ကြေညာစာတမ်း" ကဲ့သို့သော နိုင်ငံတကာထုတ်ပြန်ကြေညာချက်များကို လေးစားလိုက်နာရမည်။
   နိုင်ငံတိုင်းနှင့် ဒေသတိုင်း၏ ဥပဒေများနှင့် စည်းမျဉ်းများက လူ့အခွင့်အရေးကို လုံလောက်အောင် ကာကွယ်မပေးထားသော ဖြစ်ရပ်များတွင်ပင် ၎င်းထုတ်ပြန်ကြေညာချက်များအပေါ်အခြေခံ၍ လူ့အခွင့်အရေးကို လေးစားလိုက်နာရန် အားထုတ်ရမည်။2.       လူ့အခွင့်အရေး အလွဲသုံးစားပြုမှုတွင် တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ ပါဝင်ပတ်သက်မှုမရှိရပါ။
3. လူ့အခွင့်အရေးကို လေးစားခြင်းကို စီးပွားရေးအကြောင်းပြချက်များကြောင့် လျစ်လျူမရှုရပါ။
4. လူ့အခွင့်အရေးချိုးဖောက်မှုတစ်ခုခုကို တွေ့ရှိရလျှင် ချိုးဖောက်ခံရသည့် အလုပ်သမားအတွက် ကုစားဖြေရှင်းမှုများ ဆောင်ရွက်ပေးရမည်။
5. လူ့အခွင့်အရေး လေးစားရန်အလို့ငှာ မူဝါဒများ ရေးဆွဲခြင်း၊ စနစ်များ တည်ဆောက်ခြင်း၊ လေ့ကျင့်သင်ကြားရေး အကောင်အထည်ဖော်ခြင်းနှင့် ရုံးတွင်း အစီရင်ခံခြင်းစနစ်များ ဖော်ဆောင်ခြင်း စသည်တို့ကို ဆောင်ရွက်ရမည်။

## 3. ကလေးလုပ်သား မရှိရေးနှင့် ငယ်ရွယ်သူလုပ်သားများအတွက် အကာအကွယ်ပေးခြင်း

**ကြံ့ခိုင်ပြီး ရေရှည်အကျိုးပြုသော လူမှုအသိုင်းအဝိုင်းတစ်ရပ် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ကလေးများ၏ ပညာရေးသည် မရှိမဖြစ် အရေးပါသည်။ ကလေးလုပ်သားရှိခြင်းသည် ယင်းအခွင့်အရေးကြီးကို တားဆီးပိတ်ပင်ထားသောကြောင့် ၎င်းကို တားမြစ်ရမည်။ ငယ်ရွယ်သူလုပ်သားများသည် လူမှုအသိုင်းအဝိုင်းအတွင်း ဝင်ဆံ့ရာတွင် အတွေ့အကြုံမရှိသောကြောင့် ၎င်းတို့ကို အပြည့်အဝ ကာကွယ်ပေးရမည်။**

1. အလုပ်ခန့်အပ်ရာတွင် အလုပ်သမားတိုင်း၏ အသက်ကို စိစစ်အတည်ပြုရမည်။
2. ကလေးလုပ်သား အသုံးပြုခြင်း မရှိရပါ။ ၎င်းကို နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (ILO) သဘောတူညီချက်များနှင့် သက်ဆိုင်ရာ ဒေသတွင်း ဥပဒေများအရ တားမြစ်ပိတ်ပင်ထားသည်။
   *အလုပ်သမားများသည် မဖြစ်မနေ အတန်းပညာသင်ကြားရမည့် ကျောင်းနေအရွယ်အောက် မငယ်ရဘဲ မည်သည့်ဖြစ်ရပ်တွင်မဆို အနည်းဆုံး အသက် 15 နှစ် ပြည့်ပြီး ဖြစ်ရမည်ဟု ILO သဘောတူညီချက်များအရ သတ်မှတ်ထားသည်။
   (သို့သော် မည်သည့်နိုင်ငံတွင်မဆို အန္တရာယ်များသော အလုပ်ခွင်အခြေအနေများ၌ အလုပ်လုပ်ရသော အလုပ်သမားများသည် အနည်းဆုံး အသက် 18 နှစ် သို့မဟုတ် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အကူးအပြောင်းကာလ၌ အနည်းဆုံး အသက် 14 နှစ် ပြည့်ပြီး ဖြစ်ရမည်ဟူသော ခြွင်းချက်တစ်ခု ရှိသည်။ ပေါ့ပေါ့ပါးပါးအလုပ် သို့မဟုတ် လွယ်ကူသော အလုပ်ဟူသော အလုပ်အမျိုးအစားများတွင်လည်း အခြားခြွင်းချက် ရှိသည်။)
3. ညဘက်တွင် နှင့်/သို့မဟုတ် အန္တရာယ်များသော အလုပ်ခွင်အခြေအနေများတွင် အသက် 18 နှစ် မပြည့်သေးသည့် အလုပ်သမားများကို အသုံးမပြုရပါ။
4. ကလေးလုပ်သားဖြစ်ကြောင်း အတည်ပြုနိုင်လျှင် ကုမ္ပဏီများသည် ကလေးလုပ်သားကို ကာကွယ်ပေးရမည်ဖြစ်ပြီး လိုအပ်သော ပံ့ပိုးမှုနှင့် သက်ညှာကင်းလွတ်ခွင့် စီမံချက်များကို စီစဉ်ပေးရမည်။

## 4. အတင်းအကျပ် ခိုင်းစေခံရသောလုပ်သား မရှိစေရ

**ဝန်ထမ်းများသည် မိမိတို့၏အလုပ်တွင် မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအလျောက် ပါဝင်လုပ်ကိုင်ရမည်။ အတင်းအကျပ် ခိုင်းစေခံရသောလုပ်သား အသုံးပြုမှု မရှိစေရပါ။ တားမြစ်ထားသော အလုပ်ခိုင်းစေသည့် လုပ်ရပ်များတွင် အလုပ်သမား၏ လွတ်လပ်သည့် သဘောဆန္ဒမပါသော အလုပ် သို့မဟုတ် ဝန်ဆောင်မှုများအပြင် ပြစ်ဒဏ်ကို ကြောက်၍ အတင်းအကျပ် ခိုင်းစေခံရသော လုပ်သားတို့ ပါဝင်သည်။**

1. အတင်းအကျပ် အလုပ်ခိုင်းစေခြင်း၊ ဖမ်းချုပ်၍ အလုပ်ခိုင်းစေခြင်းနှင့် အတင်းအကျပ် ကျွန်ပြု၍ အလုပ်ခိုင်းစေခြင်းတို့ကို တားမြစ်ရမည်။
2. အာမခံငွေသွင်းရန် သို့မဟုတ် မူရင်း မှတ်ပုံတင်အထောက်အထားစာရွက်စာတမ်းများ အပ်နှံထားရန် အလုပ်သမားများကို အတင်းအကျပ် မခိုင်းစေရပါ။
   အလုပ်အကိုင်ရှာဖွေရေးအေဂျင်စီကို အသုံးပြုသောအခါ အေဂျင်စီသည် အာမခံငွေသွင်းရန် သို့မဟုတ် မူရင်း မှတ်ပုံတင်အထောက်အထားစာရွက်စာတမ်းများ အပ်နှံထားရန် အလုပ်သမားများနှင့် အလုပ်ရှာသူများကို အတင်းအကျပ် ခိုင်းစေခြင်းကဲ့သို့သော လုပ်ရပ်များတွင် မပါဝင်ကြောင်း အတည်ပြုရမည်။

3. အလုပ်ခွင် ဝင်းအတွင်း လွတ်လွတ်လပ်လပ် သွားလာမှုအပေါ် မလျော်မကန် ကန့်သတ်ချက်များကို ခွင့်မပြုရပါ။ လုံခြုံရေးကင်မရာများ အသုံးပြုခြင်းနှင့် လုံခြုံရေးဝန်ထမ်းများ ခွဲဝေနေရာချထားခြင်းသည် ပြစ်မှုကာကွယ်ရေး၊ အချက်အလက် စီမံခန့်ခွဲရေးနှင့် အလုပ်အကိုင်ဆိုင်ရာ ဘေးကင်းရေးစီမံခန့်ခွဲမှုများအတွက်သာဖြစ်ပြီး ဝန်ထမ်းများကို လေ့လာစောင့်ကြည့်ခြင်းအတွက် မရည်ရွယ်ရပါ။
4. အလုပ်သမားများသည် သတ်မှတ်ထားသော အလုပ်ချိန်အပြီးတွင် အလုပ်ခွင်မှ ထွက်ခွာနိုင်ကြောင်း သေချာစေရမည်။ အလုပ်သမား၏ ခွင့်ပြုချက်မပါဘဲ အချိန်ပိုအလုပ်မဆင်းခိုင်းရပါ။
5. အလုပ်သမားများသည် မိမိတို့၏ လွတ်လပ်သော သဘောဆန္ဒအလျောက် အလုပ်ထွက်နိုင်ကြောင်း သေချာစေရမည်။

## 5. အလုပ်ခန့်အပ်မှုနှင့် အလုပ်သမားများအတွက် အကာအကွယ်

**လူ့အခွင့်အရေး၊ ဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးတို့ကို ထည့်သွင်းစဉ်းစားလျက် စီးပွားရေး လုပ်ငန်းဆောင်တာများတွင် ပါဝင်ဆောင်ရွက်သူတစ်ဦးစီတိုင်းကို ကျန်းမာရေးနှင့်ညီညွတ်သော၊ လက်တွေ့ကျသော၊ စိန်ခေါ်မှုရှိပြီး လူသားဆန်သော အလုပ်ပတ်ဝန်းကျင်၌ မှန်ကန်လျော်ညီစွာ အလုပ်ခန့်အပ်ရမည်။**

1. အလုပ်ခန့်အပ်ချိန်တွင် သင့်လျော်သော အလုပ်သမားစာချုပ်ကို သက်ဆိုင်ရာ ဒေသတွင်း ဥပဒေများနှင့်အညီ ဝန်ထမ်း၏ မိခင်ဘာသာစကားဖြင့် သို့မဟုတ် ဝန်ထမ်းနားလည်နိုင်သော ဘာသာစကားဖြင့် ဝန်ထမ်းနှင့်အတူ ချုပ်ဆိုရမည်။
2. အလုပ်ခန့်အပ်မှုအခြေအနေများဆိုင်ရာ အချက်အလက်များကို အလွယ်တကူ နားလည်နိုင်သောပုံစံဖြင့် ရေးသားဖော်ပြထားရမည်ဖြစ်ပြီး အချိန်မရွေး ရရှိနိုင်ရမည်။
3. ရွှေ့ပြောင်းလုပ်သားများကို ခန့်အပ်သောအခါ ဝန်ထမ်းက ၎င်း၏မိခင်နိုင်ငံမှ မထွက်ခွာမီ အလုပ်ခန့်အပ်မှုဆိုင်ရာ စည်းမျဉ်းသတ်မှတ်ချက်များကို ၎င်းအား အသိပေးထားကြောင်း သေချာစေရမည်။
4. နိုင်ငံတကာ အလုပ်သမားအဖွဲ့အစည်း (ILO) ၏ ထောက်ခံအကြံပြုချက်အပေါ် အခြေခံထားသည့် အလုပ်ချိန် စံသတ်မှတ်ချက်များနှင့်အညီ ဖြစ်စေရန် အားထုတ်ရမည်။
   *ILO "အလုပ်ချိန် လျှော့ချရေး ထောက်ခံအကြံပြုချက်၊ 1962"
   - တစ်ပတ်လျှင် နာရီ လေးဆယ် စည်းမျဉ်းကို လူမှုရေးစံသတ်မှတ်ချက်အဖြစ် အဆင့်ဆင့် အကောင်အထည်ဖော်၍ ကျင့်သုံးရမည်။
   - အလုပ်ချိန် လျှော့ချသောအခါ အလုပ်သမားများ၏ လုပ်ခလစာလျှော့ချမှုများ မရှိရပါ။
   - ပုံမှန် အလုပ်လုပ်ရသော သီတင်းပတ်၏ အလုပ်ချိန်ကာလသည် လေးဆယ့်ရှစ်နာရီ ကျော်လွန်နေလျှင် 48 နာရီသို့ လျှော့ချရန် ချက်ချင်း ဆောင်ရွက်ရမည်။
5. နိုင်ငံတစ်ခုစီ၏ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ အလုပ်သမားများကို လုံလောက်သော အလုပ်ပိတ်ရက်များ ခွင့်ပြုပေးထားကြောင်း သေချာစေရမည်။ ခုနစ်ရက်ပြည့်တိုင်း အနည်းဆုံး နားရက်တစ်ရက် ပေးထားကြောင်း သေချာစေရမည်။ အလုပ်သမားများသည် အလုပ်သမားသမဂ္ဂ ဖွဲ့စည်းနိုင်ရမည်ဖြစ်ပြီး ဒေသတွင်း ဥပဒေများအရ မိမိ၏ တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်ဖြင့် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်တစ်ဦး ဖြစ်လာနိုင်ကြောင်း သေချာစေရမည်။

6. အလုပ်သမားများသည် အလုပ်သမားသမဂ္ဂ ဖွဲ့စည်းနိုင်ရမည်ဖြစ်ပြီး ဒေသတွင်း ဥပဒေများအရ မိမိ၏ တစ်ဦးတည်းဆုံးဖြတ်ပိုင်ခွင့်ဖြင့် အလုပ်သမားသမဂ္ဂအဖွဲ့ဝင်တစ်ဦး ဖြစ်လာနိုင်ကြောင်း သေချာစေရမည်။
7. အလုပ်သမားသမဂ္ဂဖွဲ့စည်းခြင်း၊ အလုပ်သမားသမဂ္ဂအဖွဲ့ဝင် ဖြစ်ခြင်း၊ ဝန်ထမ်းသစ်ခေါ်ယူခြင်းနှင့် ရာထူးတိုးရေးဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်း၊ ဝန်ထမ်း ထုတ်ပယ်ခြင်း သို့မဟုတ် ရွှေ့ပြောင်းခြင်းကဲ့သို့သော ဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ခွဲခြားဆက်ဆံမှုတားမြစ်ရေး မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများကို ရေးဆွဲဖော်ဆောင်ရမည်။
8. အလုပ်ရှင်၊ အလုပ်သမားသမဂ္ဂနှင့် အလုပ်သမားများ၏ ကိုယ်စားလှယ်တို့သည် မိမိတို့အားလုံးအတွက် ကျေနပ်လောက်သော သဘောတူညီချက်တစ်ခု ရရှိရန် လွတ်လပ်စွာ ဆွေးနွေးရမည်ဖြစ်ပြီး မှန်ကန်သင့်လျော်စွာ အလုပ်ဖြစ်မည့် အလုပ်ရှင်-ဝန်ထမ်း ဆက်ဆံရေးတစ်ရပ်ကို ဖန်တီးရမည်။

## 6. အခြေခံစားဝတ်နေရေး ဖူလုံစေသော လုပ်ခလစာများ ပေးချေမှု

**စိန်ခေါ်မှုရှိပြီး လူသားဆန်သော အလုပ်အကိုင်အခွင့်အလမ်းများ ပေးအပ်ရန်နှင့် သင့်မြတ်လျော်ကန်ပြီး လူတန်းစေ့ဖြစ်သော နေထိုင်မှုပုံစံကို အသေအချာ ရရှိစေရေးအတွက် လုံလောက်သော လုပ်ခလစာများ ပေးချေရန် အားထုတ်ရမည်။ ကလေးလုပ်သား ကင်းစင်ရေးနှင့် လူမှုအသိုင်းအဝိုင်းတည်ငြိမ်ရေးအတွက် အထောက်အကူပြုရန် အခြေခံစားဝတ်နေရေး ဖူလုံစေသော လုပ်ခလစာများကို ထိန်းသိမ်းထားရမည်။**

1. သက်ဆိုင်ရာ ဒေသတွင်း ဥပဒေများအရ သတ်မှတ်ထားသော သို့မဟုတ် လုပ်ငန်းနယ်ပယ်က သတ်မှတ်ထားသော အနည်းဆုံး လုပ်ခလစာ သို့မဟုတ် ၎င်းထက်ပိုသော လုပ်ခလစာကို အလုပ်သမားများအား ပေးချေရမည်။ ၎င်းတို့အနက် ပိုများသော ပမာဏကို သတ်မှတ်ပြီး ပေးချေရမည်။
2. နိုင်ငံတစ်ခုစီ သို့မဟုတ် ဒေသတစ်ခုစီ၏ လူနေမှုအဆင့်အတန်းနှင့်ကိုက်ညီသည့် လုံလောက်ပိုလျှံသော လုပ်ခလစာပမာဏကို အလုပ်သမားများအား ပေးချေရမည်။ အစားအစာ၊ ရေ၊ နေအိမ်၊ ပညာရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှုအပါအဝင် သင့်လျော်သည့် လူနေမှုအဆင့်အတန်း ရရှိရေးအတွက် လိုအပ်သည့် အခြေခံစားဝတ်နေရေး ဖူလုံစေသော လုပ်ခလစာကို ပေးအပ်ရမည်။
3. အချိန်ပိုခံစားခွင့် ပေးချေရမည်ဖြစ်ပြီး ၎င်းသည် တရားဝင်နှုန်းထားနှင့် ညီမျှရမည် သို့မဟုတ် ထို့ထက် ပိုများရမည်။
4. ဥပဒေအရပြဌာန်းထားသော ခံစားခွင့်အားလုံးနှင့် ဝန်ထမ်းအကျိုးခံစားခွင့်များကို ဝန်ထမ်းများအား ပေးအပ်ရမည်။
5. ပေးချေရမည့် အလုပ်ချိန် နာရီများနှင့် လုပ်ခလစာအသေးစိတ် တွက်ချက်မှုများကို လုပ်ခလစာများ ပေးချေချိန်တိုင်းတွင် ဝန်ထမ်းများကို ပြသပေးရမည်။
6. လုပ်ခလစာများကို တိတိကျကျ တွက်ချက်ရမည်ဖြစ်ပြီး အထောက်အထားများကို တင်ပြရမည်။

## 7. မတော်မတရားပြုမှု၊ နှောင့်ယှက်တိုက်ခိုက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် လူမဆန်စွာ ဆက်ဆံမှုတို့ကို တားမြစ်ခြင်း

**မည်သို့သော မတော်မတရားပြုမှု၊ နှောင့်ယှက်တိုက်ခိုက်မှု၊ ခွဲခြားဆက်ဆံမှုနှင့် လူမဆန်စွာ ဆက်ဆံမှုကိုမဆို တားမြစ်ထားသည်။ လူသားဆန်ပြီး စိန်ခေါ်မှုရှိသော အလုပ်ပတ်ဝန်းကျင်တစ်ရပ် အားကောင်းလာစေရန် အားထုတ်ရမည်။ ခွဲခြားဆက်ဆံမှုသည် အလုပ်အကိုင်အခွင့်အလမ်းများ လွန်ကဲစွာ ဆုံးရှုံးမှုနှင့် အခြေခံလူ့အခွင့်အရေးချိုးဖောက်မှုကို ဖြစ်စေရုံသာမက လူမှုအသိုင်းအဝိုင်းအတွက် အထောက်အကူပြုမည့် အလားအလာရှိသော လူသားအရင်းအမြစ်များတည်ရှိနေခြင်းကိုလည်း ပိတ်ပင်မှုဖြစ်စေနိုင်ပြီး လူမှုအသိုင်းအဝိုင်းအတွက် ကြီးမားသော ဆုံးရှုံးမှုကြီးကို ဖြစ်ပေါ်စေနိုင်သည်။**

1. ရုပ်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ မတော်မတရားပြုမှု၊ ခြိမ်းခြောက်၍ မတော်မတရားပြုမှု သို့မဟုတ် အာဏာအလွဲသုံးစားပြုမှု၊ လိင်ပိုင်းဆိုင်ရာ နှောင့်ယှက်တိုက်ခိုက်မှုနှင့် အခြား နှောင့်ယှက်တိုက်ခိုက်မှု အားလုံးကို တားမြစ်ထားပြီး ကာကွယ်ရေး အစီအမံများကို လုပ်ဆောင်ရမည်။
2. အလုပ်ခန့်အပ်ခြင်း၊ လုပ်ခလစာပေးခြင်း၊ ရာထူးတိုးခြင်း၊ တာဝန်ပြင်ဆင်ခွဲဝေပေးခြင်း၊ ထုတ်ပယ်ခြင်း သို့မဟုတ် အလုပ်ထွက်ခြင်း ဖြစ်ရပ်တို့တွင် လူမျိုး၊ အသားအရောင်၊ လိင်၊ ကိုးကွယ်သည့်ဘာသာ၊ နိုင်ငံရေးအမြင်၊ မွေးဖွားရာနေရာ၊ လူမှုရေးဇာစ်မြစ်၊ အသက်အရွယ်၊ မသန်စွမ်းမှု၊ အမျိုးမျိုးသော ကူးစက်ရောဂါအခြေအနေများ၊ အလုပ်သမားသမဂ္ဂအဖွဲ့ဝင်ဖြစ်မှု၊ လိင်စိတ်တိမ်းညွတ်မှု၊ လိင်စိတ်ခံယူမှု သို့မဟုတ် အခြားအခြေအနေများနှင့် တန်းတူအခွင့်အရေးများ ရရှိရေးတို့အပေါ် အခြေခံ၍ ခွဲခြားဆက်ဆံမှုမရှိစေရန် အားထုတ်မှုအားလုံးကို လုပ်ဆောင်ရမည်။
3. မတော်မတရားပြုမှု၊ နှောင့်ယှက်တိုက်ခိုက်မှု၊ ခွဲခြားဆက်ဆံမှု သို့မဟုတ် အပြစ်ပေးမှုကို တွေ့ရှိရလျှင် ထိုအလုပ်သမားအတွက် ကုစားဖြေရှင်းမှုများ ဆောင်ရွက်ပေးရမည်။
4. ဒေသတွင်း ဥပဒေများအရ သတ်မှတ်ပြဋ္ဌာန်းထားသည့် အတိုင်းအတာအထိ ငွေဒဏ် ကောက်ခံရမည်။ စည်းကမ်းထိန်းသိမ်းရေး လုပ်ဆောင်ချက်များနှင့် ပြစ်ဒဏ်ပမာဏအတွက် လုပ်ထုံးလုပ်နည်းများကို ဥပဒေများအရ ခွင့်ပြုထားသော အတိုင်းအတာနှင့်အညီ၊ ဝန်ထမ်းများ၏ ဘဝနေထိုင်ရေးကို အနှောင့်အယှက်မဖြစ်စေသော အတိုင်းအတာဖြစ်အောင် တွက်ချက်ဆုံးဖြတ်ရမည်။ ၎င်းကိစ္စရပ်များကို အလုပ်သမားစည်းမျဉ်းများ သို့မဟုတ် အခြားစည်းကမ်းများတွင် ရှင်းလင်းစွာ သတ်မှတ်ပြဋ္ဌာန်းထားရမည်ဖြစ်ပြီး ဝန်ထမ်းအားလုံးက လုံးစေ့ပတ်စေ့ နားလည်ရမည်။

## 8. အလုပ်အကိုင်ဆိုင်ရာ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံမှု

**စီးပွားရေးလုပ်ငန်းများသည် ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စဉ်ဆက်မပြတ် စီမံခန့်ခွဲမှုကို ကြိုတင်အားစိုက်ဆောင်ရွက်ရမည်။ အလုပ်ခွင် မတော်တဆမှုများကို ကြိုတင်ကာကွယ်ပေးရမည်။ အလုပ်သမားများ၏ ကျန်းမာရေးကို မြှင့်တင်ပေးရမည်။ သက်သောင့်သက်သာရှိသော အလုပ်ပတ်ဝန်းကျင်တစ်ခုကို ဖန်တီးပေးရမည်။ ထို့ပြင် လုပ်ငန်းခွင်တွင်း ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေး စံနှုန်းများကို တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ရမည်။**

1. လုပ်ငန်းခွင်အဆောက်အအုံများနှင့် ပစ္စည်းကိရိယာများ၊ အလုပ်သမားများအား ပေးအပ်ထားသော နေအိမ်များသည် ဝန်ထမ်းများ၏ ဘေးကင်းလုံခြုံရေးအတွက် စိတ်ချရသည်ဟု အာမခံနိုင်သော သတ်မှတ်စံနှုန်းများအတိုင်း လေးစားလိုက်နာကြောင်း သေချာစေရမည်။ ဒေသတွင်း အဆောက်အအုံ စံသတ်မှတ်ချက်များဆိုင်ရာ ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ ခွင့်ပြုချက်များနှင့် ခွင့်ပြုမိန့်များကို ရယူထားရမည်။ ထို့ပြင် ၎င်းအဆောက်အအုံများကို သင့်လျော်မှန်ကန်စွာ စုံစမ်းစစ်ဆေးထားပြီး စစ်ဆေးချက်များ အောင်မြင်ထားပြီး ဖြစ်ရမည်။
2. အလုပ်သမားများအတွက် ပေးအပ်ထားသော အလုပ်ခွင်နှင့် နေအိမ်များ၌ ဒေသဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများတွင် ပြဋ္ဌာန်းထားသည့် စံသတ်မှတ်ချက်များနှင့်အညီဖြစ်သော အရေးပေါ်ထွက်ပေါက်များ၊ အရေးပေါ်စွန့်ခွာရေး လမ်းကြောင်းများနှင့် သင်္ကေတများ ပါရှိရမည်။ ထို့ပြင် ပုံမှန်စစ်ဆေးမှုများနှင့် အရေးပေါ်စွန့်ခွာရေး လေ့ကျင့်မှုတို့ကို ဆောင်ရွက်ရမည်။
3. ဝန်ထမ်းများအတွက် ပေးအပ်ထားသော နေအိမ်သည် နေထိုင်ရန်အတွက် လုံလောက်ပြည့်စုံသော ပတ်ဝန်းကျင်ဖြစ်ရမည်။ ထို့ပြင် တသီးတသန့်နေထိုင်နိုင်မှုရှိကြောင်း သေချာစေရန် အားထုတ်ရမည်။
4. အလုပ်သမားများအတွက် သန့်ရှင်းသော သန့်စင်ခန်းများနှင့် သောက်သုံးရေတို့ကို ရရှိနိုင်ရမည်ဖြစ်ပြီး အလုပ်လုပ်ချိန်အတွင်း ၎င်းတို့၏ အသုံးပြုမှုကို ကန့်သတ်မထားရပါ။
5. တစ်ကိုယ်ရေ ကာကွယ်ရေးပစ္စည်းများ၊ အလုပ်လုပ်နည်း ညွှန်ကြားချက်များနှင့် လေ့ကျင့်သင်ကြားရေးတို့အပါအဝင် အလုပ်အတွက် လိုအပ်သော ပစ္စည်းကိရိယာများကို အလုပ်သမားများအား ပံ့ပိုးပေးရမည်။
6. ဓာတုပစ္စည်းများကို သင့်လျော်မှန်ကန်သော ပုံစံဖြင့် ကိုင်တွယ်ကာ သိမ်းဆည်းထားရမည်။ ထို့ပြင် မတော်မဆမှုမဖြစ်စေရန်နှင့် မတော်တဆမှုဖြစ်ပါက ထိခိုက်ပျက်စီးမှု ပိုမိုများပြားမလာစေရန် အားထုတ်ရမည်။
7. ကာယအားလိုအပ်သော အလုပ်ကို သတ်မှတ်ဖော်ထုတ်ရန်နှင့် အကဲဖြတ်ရန်၊ အလုပ်အကိုင်ဆိုင်ရာ မတော်တဆမှုများ သို့မဟုတ် နာမကျန်းမှုများ မဖြစ်စေရန် သင့်လျော်သော စီမံအားထုတ်မှုများ ပြုလုပ်ရမည်။
8. အလုပ်အကိုင်ဆိုင်ရာ မတော်တဆမှုတစ်ခု သို့မဟုတ် နာမကျန်းမှုတစ်ခု ဖြစ်ပွားသောအခါ အခြေအနေကို ချက်ချင်း သတ်မှတ်ဖော်ထုတ်ခြင်း၊ အကဲဖြတ်ခြင်း၊ ရေးသားမှတ်တမ်းတင်ခြင်း၊ အစီရင်ခံတင်ပြခြင်း ဆောင်ရွက်ရမည်။ ထို့နောက် သင့်လျော်သော စီမံချက်များနှင့် အမှားပြင်ရေး လုပ်ဆောင်ချက်များကို နောက်ဆက်တွဲ အကောင်အထည်ဖော်ဆောင်ရွက်ရမည်။
9. ဝန်ထမ်းအကျိုးခံစားခွင့်များနှင့် သက်ဆိုင်သော ဥပဒေများကို လေးစားလိုက်နာရမည်။ ထို့ပြင် လွန်ကဲသော စိုးရိမ်မှုများ မရှိဘဲ မိမိတို့၏အလုပ်များကို လုပ်ခွင့်ရစေမည့် ဝန်ထမ်းအကျိုးခံစားခွင့် အစီအစဉ်တစ်ခုကို ရေးဆွဲဖော်ဆောင်ရမည်။
10. ကိုယ်ဝန်ဆောင်ခြင်း၊ ကလေးမွေးခြင်း၊ ကလေးစောင့်ရှောက်ခြင်း စသည့်အကြောင်းရင်းများကြောင့် ဝန်ထမ်းများအပေါ် အကျိုးယုတ်စေသော ဆက်ဆံမှုမှန်သမျှကို တားမြစ်ထားကြောင်း သေချာစေရမည်။ ထို့ပြင် သင့်လျော်သော အလုပ်ပတ်ဝန်းကျင်ကို ပေးအပ်ရမည်။
11. ဝန်ထမ်းများ၏ ကျန်းမာရေးကို ကာကွယ်ပေးရန် သင့်လျော်သော ကျန်းမာရေးစစ်ဆေးမှုများကို ဆောင်ရွက်ပေးရမည်။

## 9. ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေး

**ကုန်ကြမ်းပစ္စည်းများ ဝယ်ယူခြင်း၊ ရေရှည်အကျိုးပြုသော လူမှုအသိုင်းအဝိုင်းတစ်ရပ် ဖြစ်ပေါ်ရေးအတွက် ဖြည့်ဆည်းပါဝင်နိုင်မည့် ပုံစံဖြင့် ကုန်ထုတ်လုပ်ခြင်းနှင့် ထောက်ပံ့ပေးသွင်းခြင်းကဲ့သို့ ကဏ္ဍပေါင်းစုံတွင် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်အပေါ် အလေးထားထည့်သွင်းစဉ်းစား၍ စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရမည်။**

1. နိုင်ငံဒေသအသီးသီးရှိ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဥပဒေများ၊ စည်းမျဉ်းများနှင့် နိုင်ငံတကာ သဘောတူညီချက်များကို လေးစားလိုက်နာရမည်။
2. နိုင်ငံတကာ သဘောတူညီချက်များ သို့မဟုတ် ဒေသဆိုင်ရာ ဥပဒေ သို့မဟုတ် Seven & i Group ၏ လုပ်ငန်းလည်ပတ်ရေး ကုမ္ပဏီများက တားမြစ်ထားသော ဓာတုပစ္စည်းများကို အသုံးမပြုရပါ။
3. သဘာဝပတ်ဝန်းကျင် ညစ်ညမ်းမှု မဖြစ်စေရန် စွန့်ပစ်ပစ္စည်း၊ ဓာတ်ငွေ့မီးခိုးထုတ်လွှတ်မှုနှင့် ရေဆိုးရေညစ်များကို မှန်ကန်သင့်လျော်စွာ စီမံရမည်။
4. ရေအရင်းအမြစ်၊ ရေအသုံးပြုမှုနှင့် ရေစွန့်ထုတ်မှုကို လေ့လာစောင့်ကြည့်ရမည်။ ထို့ပြင် ရေထိန်းသိမ်းစောင့်ရှောက်ခြင်းနှင့် မှန်ကန်သင့်လျော်သော ရေဆိုးရေညစ် သန့်စင်ရေး အကောင်အထည်ဖော်ခြင်းအပါအဝင် ရေအရင်းအမြစ်များကို အကျိုးရှိရှိ အသုံးပြုနိုင်ရန် အားထုတ်ရမည်။
5. စီးပွားရေးလုပ်ငန်း၏ သဘာဝပတ်ဝန်းကျင်အပေါ် သက်ရောက်မှုများအကြောင်းကို ကောင်းစွာ နားလည်ထားရမည်။
6. ဇီဝမျိုးစုံမျိုးကွဲ၏ အရေးပါမှုကို နားလည်သိရှိပြီး ဇီဝမျိုးစုံမျိုးကွဲကို ထိန်းသိမ်းစောင့်ရှောက်ရမည်။
7. Seven & i Group ၏ လုပ်ငန်းလည်ပတ်ရေး ကုမ္ပဏီများထံမှ မူရင်းထုတ်ကုန်များကို စီမံကိုင်တွယ်သော စီးပွားရေးလုပ်ငန်းပါတနာများသည် "GREEN CHALLENGE 2050" နှင့်အညီ လုပ်ငန်းအဖွဲ့အစည်း၏ ပန်းတိုင်များ အောင်မြင်စေရန် ကော်ပိုရေးရှင်းကို ပံ့ပိုးပေးရမည်။
    - ကာဗွန်ဒိုင်2အောက်ဆိုက်ထုတ်လွှတ်မှုများကို လျှော့ချရန်
    - 2050 ပြည့်နှစ်တွင် မူရင်းထုတ်ကုန်များကို ထုပ်ပိုးရာ၌ သဘာဝပတ်ဝန်းကျင်မပျက်စီးစေသော ပစ္စည်းများ (ဇီဝဒြပ်ထု၊ သဘာဝအလျောက် ဆွေးမြေ့ပျက်စီးသွားနိုင်သော ပစ္စည်းများ၊ ပြန်လည်အသုံးပြုနိုင်သော ပစ္စည်းများ၊ စာရွက်၊ စသဖြင့်) ကို 100 ရာခိုင်နှုန်း အသုံးပြုရေး အောင်မြင်ရန်
    - 2050 ပြည့်နှစ်တွင် အစားအစာစွန့်ပစ်ပစ္စည်းများကို 100 ရာခိုင်နှုန်း ပြန်လည်အသုံးပြုရေး အောင်မြင်ရန်
    - 2050 ပြည့်နှစ်တွင် မူရင်း အစားအစာထုတ်ကုန်များအတွက် ရေရှည်အကျိုးပြုသော ကုန်ကြမ်းပစ္စည်းများကို 100 ရာခိုင်နှုန်း အသုံးပြုရေး အောင်မြင်ရန်
8. သဘာဝပတ်ဝန်းကျင်မပျက်စီးစေသော နည်းပညာများကို ဖန်တီးရန်နှင့် အားပေးမြှင့်တင်ရန် အားထုတ်ရမည်။ ထို့ပြင် ယင်းနည်းပညာများကို ထိထိရောက်ရောက် ကျင့်သုံးရမည်။

## 10. လျှို့ဝှက် အချက်အလက်များ ပေါက်ကြားမှု မဖြစ်အောင်ကာကွယ်ခြင်းနှင့် အချက်အလက်များ စီမံခန့်ခွဲခြင်း

**အချက်အလက်ပိုင်ဆိုင်မှုများကို "လျှို့ဝှက်ထားသော"၊ "ပြည့်စုံသော"၊ "သုံးနိုင်သော" အနေအထားဖြင့် သိမ်းဆည်းထားရမည်။ ထို့ပြင် ပေါက်ကြားခြင်း၊ ခိုးယူခြင်း၊ လိမ်လည်ဖန်တီးခြင်းနှင့် တမင်ကျူးလွန်သော လုပ်ရပ်များ သို့မဟုတ် နမော်နမဲ့နိုင်ခြင်းကြောင့် ပျက်စီးမှုတို့အပါအဝင် ဘေးအန္တရာယ်များမှ ကာကွယ်ထားရမည်။**

1. အချက်အလက်များလုံခြုံမှုကို ထိန်းသိမ်းထားရန်နှင့် စီမံခန့်ခွဲရန် စနစ်ကျသော မူဘောင်တစ်ရပ်ကို ချမှတ်ရမည်ဖြစ်ပြီး ၎င်း၏ ကဏ္ဍနှင့် တာဝန်ကို သတ်မှတ်ထားရမည်။
2. အချက်အလက်များအားလုံးကို စီးပွားရေးပန်းတိုင်များ အောင်မြင်ရေး ရည်ရွယ်ချက်အတွက်သာ အသုံးပြုရမည်ဖြစ်ပြီး အခြားရည်ရွယ်ချက်များအတွက် အသုံးပြုမှု၊ ကိုယ်ရေးကိုယ်တာ အသုံးပြုမှု သို့မဟုတ် အခြားသူများ၏ အသုံးပြုမှုတိုင်းကို တားမြစ်ထားရမည်။
3. အချက်အလက်လုံခြုံရေးဆိုင်ရာ စည်းမျဉ်းများကို ချမှတ်ပြီး ထိန်းသိမ်းလိုက်နာရမည်။ ထို့ပြင် ဝန်ထမ်းအားလုံးကို ပညာရေးဆိုင်ရာ အခွင့်အလမ်းများနှင့် လေ့ကျင့်သင်ကြားပေးမှုများ အခါအားလျော်စွာ ပေးအပ်ရမည်။
4. အချက်အလက်လုံခြုံမှုဆိုင်ရာ ထိခိုက်မှုဖြစ်ရပ်များ သို့မဟုတ် မတော်တဆမှုများကို ကြိုတင်ကာကွယ်ရန်အတွက် ချက်ချင်း ထိထိရောက်ရောက် အရေးယူရေး မူဘောင်တစ်ရပ်ကို ပြဋ္ဌာန်းရမည်ဖြစ်ပြီး လုပ်ထုံးလုပ်နည်းများကိုလည်း ရေးဆွဲရမည်။
5. သဘာဝဘေးအန္တရာယ်များ၊ မတော်တဆမှု သို့မဟုတ် အခြားဖြစ်ရပ်များကို ကြိုတင်ကာကွယ်ရန်အတွက် စီးပွားရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်နိုင်ရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲရမည်ဖြစ်ပြီး အချက်အလက်လုံခြုံမှုကို သေချာစေရမည်။
6. အချက်အလက်လုံခြုံရေးနှင့်စပ်လျဉ်းသော ဥပဒေများ၊ စည်းမျဉ်းများနှင့် သဘောတူစာချုပ်ဆိုင်ရာ တာဝန်ဝတ္တရားများကို လိုက်နာရမည်။
7. အချက်အလက်လုံခြုံရေးဆိုင်ရာ စည်းမျဉ်းများကို လေးစားလိုက်နာကြောင်း သေချာစေရန်နှင့် အချက်အလက်လုံခြုံမှု သေချာစေရေးအတွက် စီမံခန့်ခွဲမှုဆိုင်ရာ အစီအမံများ၏ အကျိုးအကြောင်းဆီလျော်မှုနှင့် ထိရောက်မှုကို စိစစ်ရန် ဌာနတွင်း စုံစမ်းစစ်ဆေးမှုများနှင့် ရုံးတွင်းစာရင်းစစ်မှုများကို ဆောင်ရွက်ရမည်။ ထို့ပြင် ဖော်ထုတ်သိရှိရသော ပြဿနာရပ်များကို ဖြေရှင်းပြုပြင်ရမည်။
8. ဝန်ထမ်းများ၏ ဆိုရှယ်မီဒီယာအသုံးပြုမှုကြောင့် ဖြစ်ပေါ်လာသော အချက်အလက်ပေါက်ကြားမှု၊ လူ့အခွင့်အရေး အလွဲသုံးစားပြုမှုနှင့် ဥပဒေနှင့်မညီသော လုပ်ရပ်များမဖြစ်ပွားအောင် ကာကွယ်ရန် ဆိုရှယ်မီဒီယာအသုံးပြုမှုဆိုင်ရာ စည်းမျဉ်းများကို ရေးဆွဲရမည်ဖြစ်ပြီး လေ့ကျင့်သင်ကြားရေးမှတစ်ဆင့် ဝန်ထမ်းများကို ပညာပေးရမည်။

## 11. ကိုယ်ရေး အချက်အလက်များကို စီမံခန့်ခွဲမှု

**ကိုယ်ရေး အချက်အလက်များကို ကာကွယ်ခြင်းသည် အဓိကကျသော ကိစ္စရပ်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းဆောင်ရွက်ရာတွင် ဖြည့်ဆည်းလိုက်နာရမည့် လူမှုရေးတာဝန်တစ်ရပ် ဖြစ်ကာ ၎င်းကို အမှုဆောင်အရာရှိများအားလုံးနှင့် ဝန်ထမ်းများအားလုံးက ပါဝင်ဆောင်ရွက်ရမည့် တာဝန်ဝတ္တရားတစ်ရပ်အဖြစ် မှတ်ယူရမည်။ အမှုဆောင်အရာရှိများအားလုံးနှင့် ဝန်ထမ်းများအားလုံးသည် မိမိတို့၏အလုပ်ကို သင့်လျော်မှန်ကန်သော ပုံစံဖြင့် လုပ်ဆောင်ကြောင်း သေချာစေရမည်။**

1. ကိုယ်ရေး အချက်အလက်များကို သတ်မှတ်ပြဋ္ဌာန်းထားသော ရည်ရွယ်ချက်များအတွက်မှလွဲ၍ အသုံးမပြုရပါ။ အသုံးပြုမှုရည်ရွယ်ချက်များကို ကျော်လွန်၍ ကိုယ်ရေး အချက်အလက်များကို အသုံးမပြုမီ သက်ဆိုင်ရာပုဂ္ဂိုလ်၏ ခွင့်ပြုချက် လိုအပ်သည်။
2. ကိုယ်ရေး အချက်အလက်များကို ကာကွယ်ရန် စနစ်ကျသော မူဘောင်တစ်ရပ်ကို ချမှတ်ရမည်ဖြစ်ပြီး ၎င်း၏ ကဏ္ဍနှင့် တာဝန်ကို သတ်မှတ်ထားရမည်။
3. ကိုယ်ရေး အချက်အလက်များကို ဥပဒေများ၊ စည်းမျဉ်းများနှင့်အညီ မှန်ကန်သင့်လျော်သော ပုံစံဖြင့် ရယူရမည်၊ စီမံရမည်၊ အသုံးပြုရမည်၊ ပေးအပ်ရမည်။
4. ကိုယ်ရေး အချက်အလက်များ ပေါက်ကြားစေမည့် မည်သည့် ဖြစ်ရပ် သို့မဟုတ် မတော်တဆမှုကိုမဆို သက်ဆိုင်ရာ အဖွဲ့အစည်းများနှင့် Seven & i Group ၏ လုပ်ငန်းလည်ပတ်ရေး ကုမ္ပဏီများ၏ သက်ဆိုင်သူများထံ ချက်ချင်း သတင်းပို့ရမည်။ ထို့ပြင် ထိခိုက်ပျက်စီးမှု ပိုမိုများပြားမလာစေရန် လိုအပ်သော အစီအမံများကို လုပ်ဆောင်ရမည်။

## 12. အရည်အသွေး ထိန်းချုပ်မှုနှင့် ကျင့်ဝတ်လိုက်နာရေး တုံ့ပြန်ဆောင်ရွက်မှု

**လူမှုအသိုင်းအဝိုင်းရှိ လူသားတို့၏ ဘဝများ သာယာဝပြောရန်နှင့် ကျန်းမာစေရန် ဘေးကင်းလုံခြုံမှု၊ စိတ်ချယုံကြည်ရမှု၊ ဆန်းသစ်တီထွင်မှုနှင့် အရည်အသွေးမြင့်မားမှုရှိရေး ကြိုးပမ်းရမည်။ ထို့ပြင် ဖောက်သည်များကို စိတ်ကျေနပ်ဖွယ် ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ပေးအပ်နိုင်ရန် အားထုတ်ရမည်။ ဘေးကင်းလုံခြုံသော၊ စိတ်ချယုံကြည်ရသော၊ ကျင့်ဝတ်နှင့်ညီသော ထုတ်ကုန်များကို လက်တွေ့သုံးစွဲသူ ဖောက်သည်များထံ ပေးအပ်နိုင်ရန် Seven & i Group ၏ သက်ဆိုင်ရာ လုပ်ငန်းလည်ပတ်ရေး ကုမ္ပဏီများ၏ အရည်အသွေးစံနှုန်းများကို လေးစားလိုက်နာပြီး အောက်တွင် ဖော်ပြထားသော ကိစ္စရပ်များအတွက် ကြိုးပမ်းရမည်-**

1. ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ပံ့ပိုးပေးရန်အတွက် ကုန်ကြမ်းပစ္စည်းများဝယ်ယူခြင်း၊ ကုန်ထုတ်လုပ်ခြင်း၊ ထုတ်လုပ်ခြင်း၊ ကုန်စည်ပို့ဆောင်ခြင်း၊ လက်တွေ့သုံးစွဲသူ ဖောက်သည်များထံ ပေးအပ်ခြင်းနှင့် စွန့်ပစ်ပစ္စည်းများ ဖယ်ရှားစွန့်ပစ်ခြင်းဆိုင်ရာ လုပ်ငန်းစဉ်တွင် လူ့အခွင့်အရေးများကို လေးစားလိုက်နာခြင်းနှင့် ကာကွယ်ခြင်းအတွက် တာဝန်များ၊ အမှားပြင်ဆင်ကုစားရေးများ၊ အလုပ်ခန့်အပ်မှုနှင့် အလုပ်ပတ်ဝန်းကျင်အပေါ် အထူးအာရုံစိုက်ခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးတို့ကို ဆောင်ရွက်ရမည်။
2. ထုတ်လုပ်သည့်နိုင်ငံနှင့် ရောင်းချသည့်နိုင်ငံတွင် ပြဋ္ဌာန်းထားသော အရည်အသွေးနှင့် တံဆိပ်ကပ်ခြင်း စံသတ်မှတ်ချက်များကို လိုက်နာရမည်။
3. ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများကို ဖောက်သည်၏ရှုထောင့်မှနေ၍ ဖန်တီးပြီး ပေးအပ်ရမည်။ ထို့ပြင် လက်တွေ့သုံးစွဲသူ ဖောက်သည်များ လုံလောက်စွာ စိတ်ကျေနပ်စေရေးအတွက် ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများ၏ အရည်အသွေး တိုးတက်ကောင်းမွန်စေရန် အားထုတ်ရမည်။
4. ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများ ဖန်တီးခြင်းနှင့် ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ ဥပဒေများနှင့် လူမှုရေးစံနှုန်းများကို ကျင့်ဝတ်ဆိုင်ရာ မြင့်မားသော အသိစိတ်ဖြင့် လိုက်နာရမည်။
5. ထုတ်ကုန်များ သို့မဟုတ် ဝန်ဆောင်မှုများနှင့်သက်ဆိုင်သည့် လိုအပ်သော အချက်အလက်များကို သင့်လျော်မှန်ကန်ပြီး နားလည်လွယ်သော နည်းလမ်းဖြင့် လက်တွေ့သုံးစွဲသူ ဖောက်သည်များထံ ပေးအပ်ရမည်။

6. ကလေးများအတွက် ရည်ရွယ်ထားသော သို့မဟုတ် ကလေးများ အသုံးပြုနိုင်ခြေရှိသော ထုတ်ကုန်များနှင့် ဝန်ဆောင်မှုများမှာ ဘေးကင်းကြောင်းနှင့် ကလေးများကို စိတ်ပိုင်းဆိုင်ရာ၊ ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ မထိခိုက်စေကြောင်း သေချာစေရမည်။

## 13. ဒေသတွင်းနှင့် နိုင်ငံတကာ လူမှုအသိုင်းအဝိုင်းများနှင့် ဆက်ဆံရေး

**စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်သည့် နိုင်ငံများနှင့် ဒေသများ၏ လူ့အခွင့်အရေး၊ သဘာဝပတ်ဝန်းကျင်၊ ယဉ်ကျေးမှုများ၊ ကိုးကွယ်သည့်ဘာသာများနှင့် ဓလေ့ထုံးတမ်းများ စသည်တို့ကို အလေးထားရမည်။ ထို့ပြင် ရေရှည်အကျိုးပြုသော လူမှုအသိုင်းအဝိုင်းတစ်ရပ် ပေါ်ထွန်းလာရေးအတွက် ရှေးရှုလုပ်ဆောင်ရမည်။**

1. နိုင်ငံတကာနှင့် ဒေသတွင်း လူမှုအသိုင်းအဝိုင်းများရှိ လူမှုရေးပြဿနာအမျိုးမျိုးအကြောင်းကို ဆွေးနွေးပြောဆိုမှုများမှတစ်ဆင့် နားလည်ထားရမည်။ ထို့ပြင် ပူးပေါင်းလုပ်ကိုင်မှု၊ ပူးတွဲဆောင်ရွက်မှုနှင့် စီးပွားရေးလည်ပတ်လုပ်ဆောင်မှုများ အစရှိသည်တို့ဖြင့် ယင်းပြဿနာများဖြေရှင်းနိုင်ရေးအတွက် ဖြည့်ဆည်းပံ့ပိုးရမည်။
2. ဒေသခံပြည်သူများကို အသက်အန္တရာယ်ရှိစေသော သို့မဟုတ် ထိုသူတို့၏ ကျန်းမာရေးကို ထိခိုက်စေသော စီးပွားရေးလုပ်ငန်းဆောင်တာများကို မဆောင်ရွက်ရပါ။
3. လက်နက်ကိုင်အဖွဲ့များ၊ ရာဇဝတ်အဖွဲ့အစည်းများ၊ အကြမ်းဖက်အဖွဲ့အစည်းများ၊ လူဆိုးဂိုဏ်းများ၊ လူဆိုးဂိုဏ်း အဖွဲ့ဝင်များ၊ လူဆိုးဂိုဏ်းများနှင့်ဆက်စပ်သော ကုမ္ပဏီများ/အဖွဲ့များ၊ မတရားငွေညှစ်သူအုပ်စုများ၊ လူမှုရေးလှုပ်ရှားမှု/နိုင်ငံရေးလှုပ်ရှားမှုဆိုင်ရာ မသမာသူများ (အကျပ်ကိုင်ငွေညှစ်သူများ)၊ အထူးထောက်လှမ်းရေး အကြမ်းဖက်အဖွဲ့များ သို့မဟုတ် လူ့အဖွဲ့အစည်း အဖျက်အမှောင့်အဖွဲ့များထံ ရန်ပုံငွေများ သို့မဟုတ် အကျိုးခံစား ခွင့်များ ပံ့ပိုးပေးနေသည့် ပုဂ္ဂိုလ်များ သို့မဟုတ် အဖွဲ့များကဲ့သို့သော လူ့အဖွဲ့အစည်း အဖျက်အမှောင့်အဖွဲ့များနှင့် နှီးနွှယ်ဆက်စပ်မှု မရှိစေရပါ။
4. လူ့အဖွဲ့အစည်း အဖျက်အမှောင့်အဖွဲ့များနှင့် ပတ်သက်ဆက်နွှယ်မှုမရှိရေး စီမံချက်များကို လုပ်ဆောင်ရမည်။ ထို့ပြင် စီးပွားရေးလုပ်ငန်းပါတနာများ၏ ပံ့ပိုးပေးသွင်းသူများနှင့် အရောင်းအဝယ်ကိစ္စရပ်များ ပြုလုပ်သော ကုမ္ပဏီ အားလုံးသည် လူ့အဖွဲ့အစည်း အဖျက်အမှောင့်အဖွဲ့များ မဟုတ်ကြောင်း အတည်ပြုရမည်။ စာချုပ်တိုင်းတွင် လူ့အဖွဲ့အစည်း အဖျက်အမှောင့်အဖွဲ့များ ဖယ်ထုတ်ရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ ပါဝင်ရမည်။
5. အရောင်းအဝယ်ကိစ္စရပ်များတွင် လူ့အဖွဲ့အစည်း အဖျက်အမှောင့်အဖွဲ့များအတွက် ရန်ပုံငွေအရင်းအမြစ်ဖြစ်ခြင်းကဲ့သို့သော အငြင်းပွားစရာများ သို့မဟုတ် ပြစ်မှုများတွင် မပါဝင်ရပါ။

## 14. အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးနှင့် မျှတသော စီးပွားလုပ်ငန်း ကျင့်ထုံးများ

**အရောင်းအဝယ်ကိစ္စရပ်များကို မျှတသော၊ ပွင့်လင်းမြင်သာသော၊ သင့်လျော်မှန်ကန်သော ပုံစံဖြင့် လွတ်လပ်စွာ ယှဉ်ပြိုင်၍ လုပ်ဆောင်ရမည်။ နိုင်ငံရေး အဖွဲ့အစည်းများနှင့် အစိုးရအေဂျင်စီများနှင့် သင့်လျော်မှန်ကန်ပြီး ကောင်းမွန်သင့်မြတ်သော ဆက်ဆံရေးများကို ဆက်ထိန်းထားရမည်။**

1. အကျပ်ကိုင်ခြင်းနှင့် လာဘ်ပေးလာဘ်ယူခြင်းအပါအဝင် အကျင့်ပျက်ခြစားမှုပုံစံတစ်မျိုးမျိုးတွင် မပါဝင်ရပါ။

2. လိမ်လည်မှု၊ ဥပဒေနှင့် မညီသောလုပ်ရပ်များ သို့မဟုတ် ယုံကြည်မှု ချိုးဖောက်ခြင်း ဖြစ်လာနိုင်သော မည်သည့် လက်ဆောင်၊ ငွေ၊ ဆုလာဘ်၊ လျော်ကြေး သို့မဟုတ် အခြားအကျိုးခံစားခွင့်ကိုမဆို စီးပွားရေးလုပ်ငန်း ဆောင်ရွက်စဉ်အတွင်း တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ မပေးအပ်ရပါ သို့မဟုတ် လက်မခံရပါ။
3. အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးအတွက် မူဝါဒများနှင့် လေ့ကျင့်သင်ကြားရေးစနစ်များကို ရေးဆွဲဖန်တီးရမည်။
4. လွတ်လပ်မျှတသော ယှဉ်ပြိုင်မှုကို အလေးထားရမည်။ ထို့ပြင် လက်ဝါးကြီးအုပ်မှုတိုက်ဖျက်ရေး ဥပဒေနှင့် ရုံးတွင်း စည်းမျဉ်းများကဲ့သို့သော သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများကို လေးစားလိုက်နာရမည်။
5. အရောင်းအဝယ်ကိစ္စရပ်များကို ခိုင်မာသော စီးပွားရေးကျင့်ထုံးများနှင့်အညီ သင့်လျော်မှန်ကန်သော စည်းမျဉ်းသတ်မှတ်ချက်များဖြင့် ဆောင်ရွက်ရမည်ဖြစ်ပြီး ကိုယ်ရေးကိုယ်တာ အကျိုးအမြတ် သို့မဟုတ် အကျိုးခံစားခွင့်ကို လက်မခံရပါ။
6. ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းပါတနာများသည် ပြည်တွင်း သို့မဟုတ် ပြည်ပ အစိုးရအရာရှိများ သို့မဟုတ် အခြားသော အလားတူပုဂ္ဂိုလ်များထံ နိုင်ငံရေး ထောက်ပံ့မှုများ၊ လက်ဆောင်များ၊ ဖျော်ဖြေရေး သို့မဟုတ် ငွေကြေးအကျိုးခံစားခွင့်များ ပေးအပ်သောအခါ နိုင်ငံတစ်ခုစီ၏ ဥပဒေများနှင့် စည်းမျဉ်းများကို လေးစားလိုက်နာရမည်ဖြစ်ပြီး နိုင်ငံရေးအဖွဲ့အစည်းများ၊ အစိုးရအေဂျင်စီများနှင့် သင့်လျော်ကောင်းမွန်သော ဆက်ဆံရေးများကို ထိန်းသိမ်းထားရမည်။

## 15. ဉာဏပစ္စည်း ကာကွယ်ခြင်း

1. လူတစ်ဦး၏ ကိုယ်ပိုင်ကုမ္ပဏီက ထိန်းချုပ်ထားသော သို့မဟုတ် ပိုင်ဆိုင်သော ဉာဏပစ္စည်း မူပိုင်ခွင့်များကို ကာကွယ်ပေးရမည်ဖြစ်ပြီး ပြင်ပအဖွဲ့အစည်းတစ်ခုခု၏ ထိပါးချိုးဖောက်မှုမှ ကာကွယ်ပေးရန် တာဝန်ယူ စောင့်ရှောက်ပေးရမည်။
2. မူပိုင်ခွင့် ထိပါးချိုးဖောက်မှုတစ်ခုခုတွင် ပါဝင်မှု မရှိရပါ။ ဥပမာ ပြင်ပအဖွဲ့အစည်း၏ တီထွင်မှု မူပိုင်ခွင့်များ၊ အသေးစားတီထွင်မှု မူပိုင်ခွင့်များ၊ ဒီဇိုင်းများ၊ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များနှင့် ကုန်သွယ်ရေး လျှို့ဝှက်ချက်များကဲ့သို့သော ဉာဏပစ္စည်းများကို တရားဝင်ခွင့်ပြုချက်မရှိဘဲ ရယူခြင်း သို့မဟုတ် အသုံးပြုခြင်း၊ တရားဝင်ခွင့်ပြုချက်မရှိဘဲ ဆော့ဖ်ဝဲအသုံးပြုခြင်းနှင့် တရားဝင်ခွင့်ပြုချက်မရှိဘဲ မီဒီယာအမျိုးမျိုးမှတစ်ဆင့် စာအုပ်များနှင့် အချက်အလက်များကို ကူးယူခြင်း။

## 16. ပို့ကုန်နှင့် သွင်းကုန် စီမံခန့်ခွဲမှု

1. ထုတ်ကုန်များနှင့် ကုန်ကြမ်းပစ္စည်းများ တင်ပို့ခြင်း၊ တင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဥပဒေများနှင့် စည်းမျဉ်းများအားလုံးကို လေးစားလိုက်နာရမည်။
2. ထုတ်ကုန်များနှင့် ကုန်ကြမ်းပစ္စည်းများအတွက် ရန်ပုံငွေများနှင့် ကုန်စည်များ၊ သို့မဟုတ် အလုပ်သမားများအတွက် လုပ်ခလစာများ ထောက်ပံ့ပေးအပ်ခြင်းနှင့်စပ်လျဉ်း၍ နိုင်ငံတကာစီးပွားရေးပိတ်ဆို့မှုများ ချမှတ်ခံထားရသော နိုင်ငံများနှင့် ဒေသများ၊ အဖွဲ့အစည်းများ သို့မဟုတ် လူပုဂ္ဂိုလ်များနှင့် ဆက်နွှယ်မှု မရှိရပါ။

3. ထုတ်ကုန်များတွင်ပါဝင်သော ကုန်ကြမ်းပစ္စည်းများသည် ပြင်းထန်သော လူ့အခွင့်အရေးချိုးဖောက်မှုများ၊ သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၊ အကျင့်ပျက်ခြစားမှု သို့မဟုတ် ပဋိပက္ခဇုန်များ သို့မဟုတ် အန္တရာယ်များသော ဒေသများတွင် ပဋိပက္ခများကို မဖြစ်စေကြောင်း သို့မဟုတ် ဖြစ်စေသော အကြောင်းများတွင် ပါဝင်မှုမရှိကြောင်း သေချာစေရန် သင့်လျော်သော ကြိုတင်စုံစမ်းစစ်ဆေးမှုများကို ဆောင်ရွက်ရမည်။

## 17. ထုတ်ဖော်တိုင်ကြားရေးစနစ်များ ဖော်ဆောင်ခြင်း

**အဖွဲ့အစည်း သို့မဟုတ် လူပုဂ္ဂိုလ်က ကျူးလွန်သော လိမ်လည်မှုနှင့်စပ်လျဉ်း၍ ကုမ္ပဏီ အတွင်းမှ သို့မဟုတ် ပြင်ပမှ တိုင်ကြားလာသည့် ကိစ္စရပ်များကို မှန်ကန်သင့်မြတ်စွာ ကိုင်တွယ်ဖြေရှင်းရန်နှင့် လိမ်လည်မှုဆိုင်ရာ ဆွေးနွေးမှုများပြုလုပ်ရန် မူဘောင်တစ်ရပ် ချမှတ်ရမည်။ ထို့ပြင် လူ့အခွင့်အရေးချိုးဖောက်မှုများနှင့် လိမ်လည်မှုကို လက်ဦးမှုရယူ၍ ကာကွယ်နိုင်ရန်၊ ၎င်းကိစ္စရပ်များကို စောစီးစွာ ထောက်လှမ်းသိရှိနိုင်ရန်နှင့် အမှားပြင်ဆင်ရန်၊ လူ့အခွင့်အရေးကို စေ့စပ်သေချာစွာ ကာကွယ်ပေးရန်နှင့် လေးစားလိုက်နာမှုရှိနေစေရန် အားထုတ်ရမည်။ တိုင်ကြားခြင်းကြောင့် တိုင်ကြားသူများအပေါ် လက်တုံ့ပြန်သော လုပ်ရပ်များ မဖြစ်ပေါ်စေရေး ထုတ်ဖော်တိုင်ကြားသူများကို အကာအကွယ်ပေးနိုင်ရန် အားထုတ်ဆောင်ရွက်ရမည်။**

## 18. သဘာဝဘေးအန္တရာယ်အတွက် ကြိုတင်ပြင်ဆင်ခြင်း

**သဘာဝဘေးအန္တရာယ်များအတွက် ကြိုတင်ပြင်ဆင်ရန် ထိပ်တန်းဦးစားပေးဖြစ်သော ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ၏ ဘေးကင်းလုံခြုံရေး သေချာအာမခံနိုင်ရန်နှင့် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်စေရန် ကြိုတင်လက်ဦးမှုရယူရေး စီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ လုပ်ငန်းပိုင် အဖိုးတန်ပစ္စည်းများ ထိခိုက်ပျက်စီးမှုကို အနည်းဆုံးသို့ လျှော့ချနိုင်ရန်နှင့် စီးပွားရေးလုပ်ငန်းများ အဆက်မပြတ် လည်ပတ်နိုင်ရန် သို့မဟုတ် စီးပွားရေးလုပ်ငန်းများ ပုံမှန်အတိုင်း စောလျင်စွာ ပြန်လည်လည်ပတ်နိုင်ရန် စီးပွားရေးလုပ်ငန်း အဆက်မပြတ်ရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲရမည်ဖြစ်ပြီး အစီအစဉ်ကို ပြန်လည်သုံးသပ်နိုင်စေရန် ပုံစံတူဖန်တီး လေ့ကျင့်ခြင်းများကို အခါအားလျော်စွာ ဆောင်ရွက်ရမည်။**

## 19. ထောက်ပံ့ရေးကွင်းဆက်အတွင်း ဖွံ့ဖြိုးအားကောင်းလာရေး

**စီးပွားရေးလုပ်ငန်းပါတနာများကို ကုန်ပစ္စည်းပေးသွင်းသူများအနေဖြင့် စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များကို နားလည်လိုက်နာ ဆောင်ရွက်ကြစေရန် ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းပါတနာများက ကြိုးပမ်းရမည်။ ထို့ပြင် ပံ့ပိုးကူညီပြီး အမှားပြင်ဆင်ရေးလုပ်ဆောင်ချက်ကို အခါအားလျော်စွာ လိုအပ်သလို လုပ်ဆောင်ရမည်။**

## 20. လေ့လာစောင့်ကြည့်ခြင်း

**လေ့လာစောင့်ကြည့်ခြင်းသည် "ကျွန်ုပ်တို့၏ ဖောက်သည်များကို ဘေးကင်းလုံခြုံမှုနှင့် ယုံကြည်စိတ်ချရမှု ပေးအပ်ရန်"၊ "စီးပွားရေးလုပ်ငန်းပါတနာများနှင့် အပြန်အလှန် အကျိုးဖြစ်ထွန်းစေသော ဆက်ဆံရေးများကို ထိန်းထားရန်" နှင့် "စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များကို အားပေးမြှင့်တင်ရန်" ရည်ရွယ်ပါသည်။ ကျွန်ုပ်တို့၏ စီးပွားရေးလုပ်ငန်းပါတနာများအနေဖြင့် လေ့လာစောင့်ကြည့်ခြင်းတွင် ကူညီပံ့ပိုးပေးကြပါရန် ကျွန်ုပ်တို့က စိတ်ရင်းဖြင့် တောင်းဆိုအပ်ပါသည်။**

1. စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များကို လေးစားလိုက်နာကြကြောင်း စိစစ်အတည်ပြုရန် လေ့လာစောင့်ကြည့်ခြင်း လုပ်ငန်းစဉ်တွင် စီးပွားရေးလုပ်ငန်းပါတနာများက ပူးပေါင်းဆောင်ရွက်ရမည်။
2. စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း ၎င်းတို့၏ လေးစားလိုက်နာမှုအကြောင်း ထောက်ခံပေးသော သက်သေခံစာရွက်စာတမ်းများနှင့် စွမ်းဆောင်ရည်မှတ်တမ်းများကို မှန်ကန်သင့်လျော်စွာ ကြိုတင်ပြင်ဆင်ပြီး ထိန်းသိမ်းထားရမည်။
3. ထိုစာရွက်စာတမ်းများကို Seven & i Group က တောင်းဆိုလာလျှင် ထုတ်ဖော်ပြောကြားပြီး မျှဝေပေးရမည်။
4. စီးပွားရေးလုပ်ငန်းပါတနာများ လိုက်နာရန် လုပ်ဆောင်ချက်ဆိုင်ရာ လမ်းညွှန်ချက်များအတိုင်း လေးစားလိုက်နာမှုမရှိခြင်းကို လေ့လာစောင့်ကြည့်ခြင်းမှတစ်ဆင့် တွေ့ရှိခဲ့လျှင် အမှားပြင်ပေးရန် သို့မဟုတ် ပြုပြင်ကုစားပေးရန် စီမံချက်များကို လုပ်ဆောင်ရမည်။

ပြည့်စုံပါသည်

2007 ခုနှစ်၊ မတ်လတွင် ပြုစုရေးသားခဲ့သည်<br>2017 ခုနှစ်၊ ဧပြီလတွင် စိစစ်တည်းဖြတ်ခဲ့သည်<br>2019 ခုနှစ်၊ ဒီဇင်ဘာလတွင် စိစစ်တည်းဖြတ်ခဲ့သည်<br>2025 ခုနှစ်၊ မတ်လတွင် စိစစ်တည်းဖြတ်ခဲ့သည်